30.5.2005,(8:00am)2

ငါးပါးသီလ အကျိုးအပြစ်။

သက်ရှိသတ္တဝါတဲ့ ကမျဉ်းနီက စ ဆင်ကောင်ကြီးထိ သတ်မယ်ဆို ပါဏာတိပါတကံ မထိုက်ဘူးလား။ ပါဏာတိပါတကံ ထိုက်ရင် သေသည်၏ အခြားမဲ့၌ အပါယ်က လွတ်ပ့ါမလား။ အပါယ်ကိုကျ။ ငရဲကို အားရအောင်ခံ။ ငရဲသက်စေ့ ပြီးတော့ လူ့အဖြစ်ကို ရတယ်ထား။ များသောအား ဖြင့် တိရစ္ဆာန် ဖြစ်တာ များတယ်နော်။ တိရစ္ဆာန် ဖြစ်တယ်ဆိုတော့ နိုင်ရာစား ဘဝပေ့ါ။ နိုင်ရာစား ဘဝဆိုတော့ အကုသိုလ်မများဘူးလား။ အဲဒီဆီကသေရင် ငရဲကိုရောက်မယ်နော်။ ငရဲသက်စေ့ပြန်တော့ လည်း တိရစ္ဆာန် ဖြစ်တာပေ့ါ။ ဒါမို့ ရှေးဆရာတော် သမားတော်တွေက ငရဲနဲ့တိရစ္ဆာန် ယက်ကန်းရှယ်သလို လို့ မ ပြောဘူးလား။ လူ့အဖြစ်ကိုအင်မတန် ရခဲတယ်။

ကဲ လူ့အဖြစ်ကို ရတယ်ထား။ လူဖြစ်တဲ့ ဘဝမှာ မွေးမွေးချင်းသေတဲ့ ကလေးတွေ မရှိဘူးလား။ လသားနဲ့သေတာမရှိဘူးလား။ ကျောင်းသားအရွယ်နဲ့သေတာမရှိဘူးလား။ သူဌေးသားပဲဖြစ်ဖြစ်၊ သူဌေးသမီးပဲဖြစ်ဖြစ် ငယ်ငယ်ရွယ်ရွယ်နဲ့ သေတော့ သူဌေးရဲ့ စည်းစိမ်ကိုခံစားရရဲ့လား။ အိုးပုတ်၊ ချိုးရုပ်နဲ့ ပျော်လို့ သေရတာနော်။ လူဖြစ်ကျိုးနပ်ရဲ့လား။ ကဲ ဘယ်လောက်များ နစ်နာသလဲနော်။ အလိုလို ဖြစ်တာလား။ အကြောင်းကြောင့် အကျိုးတရားပေါ်တာလား။ အသက်တိုတယ်ဆိုတာ သူ့အသက်ကိုသတ်ခဲ့တာနော်။ သူ့အသက်ကို သတ်ရင် အသက်တိုတာပေ့ါ။ အနာတည်တယ်။ အဖျားအနာထူတယ်။ ရောဂါဝေဒနာများတယ်။ အသက်တိုတယ်။ အဲဒါ အလိုလို ဖြစ်တာလား။ အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား။ အဲလို ငါးပါးသီလအကျိုး အပြစ် ကို ထိထိမိမိ အဲဒါ နားလည်စေချင်တယ်။ သဘောပေါက်စေချင်တယ် ကြားလား။

တကယ်သိသွားပြီဆိုခဲ့လို့ရှိရင် တောင်ကျွန်းမှာ မဟာပါလရွာကဲ့သို့ ။မြောက်ကျွန်းကျ သလိုပေ့ါ။ မြောက်ကျွန်းမှာ ဟော သီလပြည့်စုံတော့ကာ ပဒေသာပင် ဆွတ်-စားရတာနော်။ အဲလို လေ့လာဖို့ မကောင်းလား။ သီလ အကျိုးအပြစ်တွေ ကို။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ။ ကံလမ်းဘက်က အဲဒါ အရေးကြီးတယ်ကွဲ့ ကြားလား။ ယုံကြည်ရမယ်။

သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်၊ ဟင်းတစ်ညွန့်ကစ ရွှေငွေ၊ကျောက်သံပတ္တမြား အထိ ပိုင်ရှင်က အခွင့် မပြုဘဲ ယူရင် အဒိန္နာကံ မထိုက်လား။ အဒိန္နာကံ ထိုက်ရင်အပါယ်က လွတ်ပ့ါ မလား။ အပါယ်ကို ကျ ငရဲကို အားရအောင်ခံ။ ငရဲသက်စေ့ လူ့အဖြစ်ကို ရတယ်ထား။ လူဖြစ်တဲ့ ဘဝမှာ အငတ်ပြဿနာနဲ့ရင်ဆိုင်ရတယ် ကြားလား။ စားဝတ်နေရေး ပြေရဲ့လား။ အလိုလို ဖြစ်တာလား။ အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား။ အကြောင်း ရှာကြည့်တော့ အကြောင်းဆိုတာ

အတိတ်ဘဝက သူများစားမည့်ဟာတွေ ခိုးခဲ့တာနော်။ သူများ ဝတ်မည့် အဝတ်တွေ ခိုးခဲ့တာပေါ့။ အဲဒါ အဒိန္နာကံ ။

အဲသည်ခိုးခဲ့တာ အကြောင်းကြောင့် ဖြစ်တဲ့ဘဝမှာ အငတ်ပြဿနာနဲ့ ရင်ဆိုင်ရတယ်ကြားလား။ အဲဒီလို အကြောင်း အကျိုးလည်း ပြန်စမ်းစစ်ကြဦး။ ခိုးခဲ့တဲ့ဘဝမို့ အငတ်နဲ့… အငတ်ပြဿနာနဲ့ ရင်ဆိုင်ရတယ်ကြားလား။ မခိုးရင် ငတ်ပါ့မလား။ အလိုလို ဖြစ်တာလား။ အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား။ အကြောင်း ရှာကြည့်တော့ ခိုးခဲ့တာကွဲ့။ စားရမဲ့သောက်ရမဲ့ က အဒိန္နာကံ အားကောင်းတာ မထင်ရှားဘူးလား။ ယုံကြည်ဖို့မကောင်းလား။

လင်ရှိမယား၊ မယားရှိလင်ကို ကျူးလွန်စော်ကားတော့ ကာမေသုမိစ္ဆာစာရကံ မထိုက်လား။ ထိုက်ရင် သေသည်ရဲ့အခြားမဲ့၌ အပါယ် က လွတ်ပါ့မလား။ အပါယ်ကိုကျ ငရဲကို အားရအောင်ခံ။ ငရဲသက်စေ့ လူအဖြစ်ကိုရတယ် ထား။ လူဖြစ်တဲ့ ဘဝမှာ လူချင်းတူရဲ့လား။ ဣတ္ထိလိင် ပုလ္လိင်ကြားလား။ ကဲ လူဖြစ်ကျိုးရှုံး တော့တာကွဲ့နော် ကြားလား။အဲလို စိစစ်ဖို့မကောင်းလား ဟေ့။ စဉ်းစားကြ။

ကဲ မိမိစားဝတ်နေရေးနဲ့ ပတ်သက်ပြီးတော့ မုသာဝါဒကံ မသုံးကြဘူးလား။ မုသားကို အမျိုးမျိုး သုံးတယ်နော်။ သေသည်၏ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား။ အပါယ်ကိုကျ ငရဲကိုအားရ အောင်ခံ။ ငရဲသက်စေ့ လူအဖြစ်ကိုရတယ် ထား။ စားဝတ်နေရေး နဲ့ ပတ်သက်လို့ ငွေကြေးကိစ္စ၊ ဆန်စပါးကိစ္စ ချေးလို့ ငှားလို့ လွယ်ကူစွာ ရရဲ့လား။ ဘယ်သူမှ အယုံအကြည် မရှိဘူးနော်။ အလိုလို ဖြစ်တာလား။ အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား။ အဲဒါ မုသာဝါဒကံတွေကွဲ့ ကြားလား။ အခု လောကကြီးမှာ ဆို မုသားမပါ လက်ာမချောတဲ့ နော်။ အဲဒီ လက်ာတွေချောလို့ အပါယ်ကိုကျကျ သွားတာကွဲ့ ကြားလားဟဲ့။ စဉ်းစားကြ။ အဲလို စိစစ်ဖို့မကောင်းလား။

ဘိန်း၊ဘင်း၊ ကစော်၊ လော်စာ၊အရက် သောက်စား ကျူးလွန်တဲ့ပုဂ္ဂိုလ် သေသည်ရဲ့အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား။ အပါယ်ကျ တယ်ဆိုတာ သုရာမေရယကံ ကွဲ့နော်။ငရဲကို အားရအောင် ခံ။ ငရဲသက်စေ့လို့ လူအဖြစ်ကိုရတယ်ထား။ လူဖြစ်တဲ့ ဘဝမှာ ရူးတဲ့ပုဂ္ဂိုလ် တွေ မြင်ဘူးကြရဲ့ လား။ လူဖြစ်တော့ လူရူး။ ခွေးဖြစ်တော့ ခွေးရူး။ ဝက်ဖြစ်တော့ ဝက်ရူး ပေါ့နော်။ အလိုလို ဖြစ်တာ လား။ အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား။ အဲဒါ အသောက်သမားဘဝက လာတာတွေ ကွဲ့ ကြားလား။ အလိုလို မဖြစ်ဘူး။ အကြောင်းရှိလို့ အကျိုးတရားတွေ ပေါ်တာ။

30.5.2005,(8:00am)4

ခေါင်းမူး ပေါ်တယ်။ လှည်းစီးရင်လည်းမူး။ လေယာဉ်စီးလည်း မူး။ အမျိုးမျိုး အဲလိုတွေမရှိလား။ အသောက်သမားတွေ ဆိုတာ စိစစ်ဖို့မကောင်းလားဟဲ့။ ခေါင်းမူးပေါ်ရင် လူတွေ အသိမပေးနဲ့။ တရားသမားချင်း သိရင် ဩော်... သည်လူဟာ အသောက်သမားကိုး လို့ အတတ် သိတယ် ကြား လား။ စိစစ်ဖို့မကောင်းလား။ မြို့တွေ၊ ရွာတွေမှာ တချို့မြို့တွေမှာ ဆွံ့တဲ့ပုဂ္ဂိုလ် အတဲ့ပုဂ္ဂိုလ် နတဲ့ပုဂ္ဂိုလ် တွေမရှိဘူးလား။ ဆွံ့တာ၊ အတာ၊ နတာတွေနော်။ အဲလိုကြည့်တော့ သည်ပုဂ္ဂိုလ်တွေ သနားစရာ မကောင်းလား။ လူစဉ်မမှီဘဲကိုး။ ဆွံ့ တယ်။ အတယ်။ နတယ်နော်။ သနားစရာကောင်းတယ်။

## လူအညွန့် ခူးစားတဲ့သူများ

တရားကို စစ်ကြည့်လိုက်တဲ့အခါ ပြန်ပြီးတော့။ အလိုလို ဖြစ်တာလား။ အကြောင်းကြောင့် အကျိုး တရားပေါ်တာလား။ အကြောင်း အကျိုးရှာကြည့်တော့ အဲသည်လူတွေ ဟိုဘဝတုန်းက လူအညွန့် ခူးစားတဲ့သူတွေ ကွဲ့။ သေးသေးများ မထင်နဲ့။ ဗိုလ်တွေ။ ဗိုလ်တွေ။ သေးသေး မထင်နဲ့။ လူလည် တွေ ဗိုလ်တွေ။ ဒါကြောင့် လည်လွန်းတဲ့ ဘီး ချိုးလူးတယ်လို့ မပြောကြ ဘူးလား။ အဲဒါ ဗိုလ်တွေ ဗျား။ အဲဒီဘက်က ကြည့်တော့ လူဆိုးတွေကွဲ့။ သနားစရာမဟုတ်ဘူးကြားလား။ သည်လူတွေ ဆွံ့အတဲ့သူတွေ လူဆိုးတွေ။ အကွက်ပေါ်မလာဘူးလား။ အမှတ်တမဲ့ ကြည့်တော့ လည်း သနားစရာ ကိုး။ အရင်းစစ်တော့ အမြစ်မြေက ဆိုသလို သူလာတဲ့အတိုင်း ကြည့်တော့ လူဆိုးတွေ ဗျား။ ဗိုလ်တွေဗျား။ သေးသေးများ မထင်နဲ့။ အဲလို စိစစ်ဖို့မကောင်းလား။

## အရှုးဖိုးလှ ဥပမာပြ

ဘုန်းကြီးတို့ ဒေသန္တရမှာ ဗမာပြည် အနောက်ဂန့်ဂေါ စွယ်တော်ရှင်ဘုရားကြီးဆိုတာ သမိုင်းဝင်။ အဲသည်မှာ ရှူးတဲ့ပုဂ္ဂိုလ်တွေ ဖိုးလှတို့။ စိန်ကတုံးတို့။ ဇရပ်ကစောင့် လို့ ဆွမ်းတော် ကပ်တာတွေ ကို တောင်းပြီးတော့စားကြတယ်။ တခါတခါ အညာကို သွား။ မင်းရွာဆိုတာ မြောက်ဘက်က မြစ်သာမြစ်။ မြစ်သာမြစ်မြောက်ဘက်က မြသိန်းတန်ဘုရား။ သီရိဓမ္မာသောက မင်းကြီး တည်ခဲ့ တာ။ ဆွမ်းတော်ကပ်တဲ့ပုဂ္ဂိုလ် တောင်းပြီးတော့ စားရတာ။ ဇရပ်က စောင့်လို့ ။ အဲဒီ မင်းရွာမှာ ဥပါသကာ တစ်ယောက် က တောင်သူယောက်ျား သူ့တောမှာ ထန်းတွေရှိတယ်။ ထန်းတက် တယ်။ ဝယ် လို့ မသောက်ဘူး။ အဖော်လည်း မလိုဘူး။ သူ တစ်ယောက်တည်း သောက်တာ။

အဲဒါနဲ့ ခရီးကြုံလို့ ဇရပ်မှာ ဖိုးလုနဲ့ သွားတွေ့တယ်။ ဟေ့ ဖိုးလု ထန်းရည် သောက်ချင် လိုက်ခဲ့။ ထန်းရည် သောက်ချင်လိုက် ခဲ့ လို့ ခေါ်တော့တာ။ အဲသည် အရှုးဖိုးလုက ဘယ်လိုပြောသလဲ။ ငါ ဟိုဘ၀တုန်းက သောက်တာ အခုထိ အမူး မပြေသေးဘူး တဲ့။ ဟိုဘ၀တုန်းကသောက်တာ။ ရူးတဲ့ သူတွေက အမူးပြေလို့လား။ မပြေလို့လား။ ဩော် ဟိုဘ၀တုန်းက သောက်တာ အခုထိ အမူး မပြေသေးဘူး တဲ့။ အဲသည် အရူးက ပြန်ပြောတာ။

ဒါတော့ ဟိုက သူ့ခေါ်တဲ့သူက စဉ်းစားတယ်။ စဉ်းစားရင်းနဲ့ တလှမ်းချင်း စဉ်းစားသွားတာ။ သူ့တောကို ရောက်တော့တာ။ သဘောပေါက်သွားတော့တာ။ ထန်းပင်ပေါ်တက် အိုးတွေကို ရိုက်ခွဲ။ ထန်းစတွေချိုး ဆင်းလာခဲ့တော့တာ။ အဲသည်နေ့ကစ အသောက်ပြတ်သွားတော့တာ။ ဘုန်းကြီးတို့ ဟောတုန်းက မကျွတ်ဘူး။ ဖိုးလုဟောခါမှ ကျွတ်တော့တာကွဲ့။ ကြားလား။ ဟိုဘ၀ တုန်းက သောက်တာ အခုထိ မပြေသေးဘူးတဲ့။ကဲ ရူးတဲ့လူတွေက အမူးပြေလို့လား။ မပြေလို့ လား။ ဟော တကယ် ကြောက်စရာ ကောင်းပါတကားဟေ့။ ကောင်းတာကွာ။ ဟိုဘ၀သောက်တာ တောင်အမူး ခုထိ မပြေဘူးဆို တော့ကွာ။ ကြောက်စရာ မကောင်းဘူးလား။ အဲလိုစိစစ်ဖို့ လိုတယ်။

<u>ကံလေးမျိုး</u>

သိပယ်ဆိုက်ပွား လေးပါးကိစ္စ မဂ်တခဏ။ သိရင်ရှောင်ရတယ် ပယ်ရတယ် ကြားလား။ အဲလို စိစစ်ဖို့ လိုတယ်နော်။ ကုသိုလ် ကံ အကုသိုလ်ကံဆိုတာ စဉ်းစားကြ။ ပေါ့ပေါ့တန်တန် မတွေးနဲ့။ မနက်စာက တိပ်ခွေထဲက ကံလေးမျိုး ဟောတာ။ ကြားလား။ ကံလေးမျိုး ကံလေးမျိုး။ ရတဲ့ ပစ္စည်း က သတ္တ၀ါကို သတ်ပြီးတော့ ရခဲ့တဲ့ပစ္စည်း၊ ခိုးလို့ရခဲ့တဲ့ ပစ္စည်း၊ ကာမေသုမိစ္ဆာစာရကံနဲ့ ရတဲ့ ပစ္စည်း၊ မုသာ၀ါဒကံနဲ့ ရတဲ့ပစ္စည်း၊ သုရာမေရယကံ နဲ့ ရတဲ့ပစ္စည်း အဲဒါတွေ သန့်ရှင်းသလား၊ မသန့်ရှင်းသလား။ မသန့်ရှင်းဘူးနော်။ အဲလိုရတော့ အထုပ်ကလေးက ကြီးလာခဲ့တော့ လှူချင်တဲ့ စိတ်တွေ မပေါ်လား။ လှူချင်တန်းချင်တယ်နော်။ အဲဒါ အဖြူလေးကွဲ့။ ရတဲ့ပစ္စည်းက အမည်း။ လှူချင် တန်းချင်တာက အဖြူ။ အမည်းနဲ့ အဖြူနဲ့ ရောမနေဘူးလား။ ရောရာ အကျိုး ပေးတယ်လို့ မဟောလား။ အဲ ဘယ်လို အကျိုး ပေးတာလဲ။ စိစစ်ဖို့မကောင်းလား။ နေ့ကိုစံလို့ ညကိုခံတဲ့ အသူရကာယ်။ နေ့ကို စံရတာ က လှူချင်တဲ့ စိတ်ကလေးပေါ့။ ညခံရတာက ရတဲ့ပစ္စည်းက အမည်း။ ကဲ ရောရာ အကျိုး ပေး တယ် မဟောလား။ စဉ်းစားဦးကွဲ့။ အဲဒါ ကံ၊ ကံ၏အကျိုးကို ယုံကြည်ဖို့ စဉ်းစားဖို့လိုတယ်။ အဲလိုလေ့ လာဖို့မကောင်းလား။ အဖြူသက်သက်ဆိုတာ ငါးပါးသီလနဲ့ ပြည့်စုံ တယ်နော်။ ငါးပါးသီလ မကြောင်မကျား၊ မကျိုးမပေါက်ဘဲနဲ့ရတဲ့ ပစ္စည်းကျတော့ မသန့်ရှင်း ဘူး

လား။ အဲဒီ ကုသိုလ်ကြောင့် လူအဖြစ်ကိုရတာကွဲ့။ နတ်အဖြစ်ကိုရတာ။ စဉ်းစားဖို့မကောင်းလား။ ဒါ သန့်ရှင်းတယ်။ အဲလို လေ့လာဖို့ မကောင်းလား။ အမည်းနဲ့အဖြူ မရောတဲ့ကံဆိုတာက ဝိပဿနာဉာဏ်ကွဲ့။ သစ္စာသိတာနော်။ ခန္ဓာသိတာ။ ပဋိစ္စသမုပ္ပါဒ်ကိုသိတာ။ အဲလို သိမှ ပယ်နိုင်တာ။ ကြားလား။

<u>ကံနဲ့လူ မပူနဲ့ (ရတနာပစ္စည်းများ မီးသွေး ဖြစ်သွားသော သူဌေး ဉပမာပြ။)</u>

ကဲ တခါ ပြန်ပြီးတော့ စဉ်းစားကြဦးစို့။ ရှေးက သူဌေးကြီး နှစ်ယောက်။ အဲတော့ တစ်ယောက်သော သူဌေးက ပစ္စည်းတွေ ရွှေတွေ ငွေတွေ ကျောက်သံ ပတ္တမြားတွေ တိုက်ထဲမှာ ထားတာ။ သေတ္တာနဲ့ ထားတာ မဟုတ်ဘူး။ တိုက်နဲ့ ပဲများ ဆန်များ စပါးများ လှောင်သလို။ အကြီးအကျယ် တိုက်နဲ့ ထားတာ။ အဲဒါ မီးသွေးတွေ ဖြစ်သွားတော့တာ။ ဘယ်လိုမှ သုံးလို့မရဘူး။ ကျောက်တွေ ပတ္တမြားတွေ လေ။ မီးသွေးဖြစ်သွားတာ။

သူဌေးကြီး တစ်ယောက်ကို သွားပြောတာ။ ငါမှာ ဒီလိုဖြစ်နေပြီ။ စားစရာ မရှိ။ အဲဒီ သူဌေး တစ်ယောက်က ကူပံ့ပြီးတော့ ကျွေးထားရတယ်။ အဲဒီ မီးသွေးတွေကို ဈေးခင်းရောင်း။ အဲရှေးက လည်း ကျတော့ ရှေးက မီးသွေးတို့ ပြာတို့ဆိုတာ မြို့ အပြင်ကို ရွာအပြင်ကို သွန်ရတာ။ ဘာမှ အသုံးမကျဘူး။ ဈေးခင်း ရောင်းတဲ့အခါကျတော့ ဟိုလူက အရူးကြီး၊ သည်သူဌေးက ရူးပြီ။ မီးသွေး ကို ဘယ်နှယ့် ရောင်းတာလဲ။ ဘယ်သူ ဝယ်မှာတဲ့လဲ။ မီးသွေး ရောင်းတာ အရူးလို့ ပြောကြ တော့တာ။

နောက်တော့ အမျိုးသမီးလေး တစ်ယောက် ဆယ့်ငါးနှစ်အရွယ်လေး။ ဦးရယ် စိန်တွေ မြတွေ ပါလား။ ဝယ်သူရှိမှ ထုတ်ပြရတာ ဘယ်နှယ့် ဈေးခင်းတာလဲ။ ကြားလား။ ဘာလို ဈေးခင်းတာလဲ။ အများက မီးသွေးမြင်တာ။ သူတယောက်တည်း စိန်တွေ မြတွေ မြင်တာ။ နင်က ဘယ်ရပ်ကွက်က လဲဟ။ ကျမက တောရွာကတော်။ တောရွာက။ ဘယ်လောက်ဝေးသလဲ။ ခြောက်မိုင်ဝေးတယ်။ မိဘရှိလား။ ရှိတယ်။ မွေးချင်းသားချင်းကား ရှိလား။ ရှိတယ်။ အစ်ကိုတစ်ယောက် ရှိတယ်။ မောင်နှမ နှစ်ယောက်။ အိမ်ထောင် ရှိသလား။ မရှိ။ ရည်မှန်းပြီးသားကော ရှိလား။ မရှိဘူး။ နာမည် တွေ ရေး။ မိဘနာမည်တွေ၊ အစ်ကိုရဲ့ နာမည်တွေ ရေး။ ရေးပြီးတော့ ဈေးသိမ်းပြီးတော့ ပြန်သွား တော့တာ။

30.5.2005,(8:00am)7

ပြန်သွားတော့ သူဌေးကြီးတစ်ယောက်ကို သွားပြီးတော့ ပြောတယ်။ အဲသလိုပဲ့ါ တွေ့တယ်ကွဲ့။ အဲသည် အမျိုးသမီးလေး တစ်ယောက် တွေ့တယ်။ သူ့ပစ္စည်း ဟုတ်တယ် တဲ့။ ဟိုသူဌေးက။ သူဟာ ဟုတ်တယ်။တဲ့ အဲသည် အမျိုးသမီးလေးက ဆွေလည်း မတော် မျိုးလည်း မတော်။ အရောင်းအဝယ်ကလည်း စပ်တူလုပ်တာ မဟုတ်။ ဖက်စပ်လုပ်တာ မဟုတ်။ ဘာမှ မစပ် မတော်တာ။ သူ့ပစ္စည်းတဲ့ ဟိုသူဌေးက ပြောတာ။ မင်းဟာ မဟုတ်ဘူးတဲ့ သူ့ဟာ။ စဉ်းစားလို့ ကို ကွာ။ ဘယ်လို စဉ်းစားလို့မှ မရဘူးတဲ့။ သူ့ ပစ္စည်းတဲ့။ ဆွေမျိုးတော်တယ်ဆိုလည်း ထားလိုက်တော့ ဟ။ ဖက်စပ်လုပ်တာ လည်း မဟုတ် ကြားလား။ သူ့ပစ္စည်းတဲ့ဗျား။

အဲဒီ အမျိုးသမီးလေးကို မင့်သားနဲ့ပေးစား။ ရအောင် မင်္ဂလာဆောင်။ မင်္ဂလာဆောင်လို့ပြီးကာ အဲဒီပစ္စည်းကို သူ့ကို အပ် လိုက်။ သူ့ကို အပ်လိုက်။ သူပေးတာ ကိုယူ။ သူကျွေးတာကိုစား။ ကြား လား။ သူ့ပစ္စည်း ဟုတ်တယ်တဲ့။ ကမ္ဘ ဝိပါကဿ ။ဘဝများစွာက သူ့ဆီမှာ ပေးစရာရှိမှာကိုးကွဲ့။ ကြားလားဟေ့။ ကံနဲ့လူ မပူနဲ့ ကြားဖူးရဲ့လား။ ကံနဲ့လူ မပူနဲ့တဲ့။ ဟော အဆင်သင့် သူမှာ။ ရေကန်အသင့် ကြာအသင့်ဟေ့။ စဉ်းစားဖို့မကောင်းလား။ အဲသည်လူက သူ့ဆီမှာ ပေးစရာ ရှိတာဗျ။ ပေးစရာရှိတော့ သူ့ပစ္စည်းတွေဟာ ရှုံးတာလည်းမဟုတ်၊ သူခိုး ခိုးတာလည်းမဟုတ်။ အကုန်လုံး မီးသွေးဖြစ်သွားတယ် ကြားလား။ မီးသွေးဖြစ်သွားတော့တာ။ အဲလိုစိစစ်ဖို့ မကောင်း လား။ မီးသွေးဖြစ်သွားတယ်။ ဝယ်သူအပေါင်းနဲ့ သွားတဲ့ ခရီးသည်တွေဟာ မီးသွေးလို့ မြင်ကြတာ။ အဲသည် အမျိုးသမီးလေးက စိန်တွေ၊ မြတွေ ကျောက်တွေလို့ မြင်တာ။ ကဲ တူရဲ့လားဟေ့။ ကုသိုလ်ကံ ဘယ်လောက်များ ခြားနားသလဲနော်။ ဒါကြောင့် ကမ္ဘ ဝိပါကဿ လို့ မဟောဘူးလား။

ဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက မောင်ကျော်သိန်း။ ဘုရား။ ကြွေးရှိရင် မြန်မြန်ဆပ်။ ကြွေးရှိရင် မြန်မြန်ဆပ်တဲ့။ ကြွေးတော့ ရှိတယ်။ ကြွေးတော့ ရှိတယ်ဘုရား။ တပည့်တော်က ရစရာ တဲ့။ သူတို့ပေးမှ ရမှာတဲ့။ သူတို့မပေး မရဘူးတဲ့။ ကြွေးရှိ မြန်မြန်ဆပ်တဲ့။ ကြွေး ရှိခံရအောင်သာ အောက်မေ့ ။ ကြားလား။ စဉ်းစားဖို့မကောင်းလား။ အဲသည် အမျိုးသမီးလေး ဆီမှာ ကြွေးရှိတာဗျ။ ကြားလား။ ဘဝများစွာက တင်ခဲ့တာနော်။ ကဲ လွတ်ပဲ့ါမလားဟေ့။ အချိန်တန်တော့ အပ်ရမှာဟေ့။ အဲဒါနဲ့ အဲဒီ အမျိုးသမီးနဲ့ မင်္ဂလာလက်ထပ်ရတယ်။ လက်ထက်ပြီး ပစ္စည်း သူ့ကိုအပ်တော့ သူ့ လက်ထဲကျတော့ ပတ္တမြားတွေ ဖြစ်ကုန်တော့တာ ပေ့ါဟ။ သူပေးတာကို ယူ။ သူကျွေးတာကို စား။ အဲလို လေ့လာဖို့မကောင်းလား။ အဲလိုများ နင်တို့ စဉ်းစားမိရဲ့လား။ မစဉ်းစားမိဘူး။ ကြားလား။ အဲလို အကျိုး အပြစ်ကို သိတော့ ကျေနပ်တာပေ့ါ။ အကျိုး အပြစ်မသိ ကျေနပ်ပဲ့ါ မလား။

30.5.2005,(8:00am)8

## ငှက်ပျောခိုင်သူခိုးနှင့်ကုသိုလ်စိတ်ထား

အေး ဘုန်းကြီးတို့ ဒေသန္တရ ဗုဒ္ဓဘာသာတို့မည်သည်မှာ ဘုန်းကြီးတို့တိုင်းပြည်တွေမှာ ကျတော့ ဝါဝင်တဲ့။ ဗုဒ္ဓဘာသာ ။ ဝါဝင်မှာ ဥပုသ်စောင့်တဲ့ပုဂ္ဂိုလ်တွေ။ ကျောင်းကန် ဘုရားကို သွားကြ လာကြ။ အဲ သီတင်းကျွတ်။ အဲဒါ ဝါဝင်နဲ့ဝါကျွတ်။ ဝါကျွတ်ကျတော့ ပိုပြီးတော့ စည်ကားတယ်။ စည်ကားတဲ့ အခါကျတော့ မိကြီးဖကြီး တော်တာတွေ၊ ဦးလေး ဦးကြီးတော်တာ တွေ၊ အရီးတော် တာတွေ၊ အဲဒါသွားပြီးတော့ ဆွမ်းဆန်ကပ် ကန်တော့ ကြရတယ်။ မကန်တော့ကြဘူးလား။

အဲသည် ပုဂ္ဂိုလ် တစ်ယောက်က တောထဲမှာ ဥယျာဉ်ရှိတယ်။ ငှက်ပျောခိုင်က ပင်ထက်မှည့် ငါးခိုင်။ ဆယ့်သုံးရက်နေ့မှာ ခုတ်မယ်။ သီတင်းကျွတ်လဆန်း ဆယ့်သုံးရက် ပင်ထက်မှည့် ။ ဆယ့်လေး ရက်နေ့မှာ ဆွမ်း ဆန်ကပ်မယ်။ အသက်ထက် ကြီးသောသူ၊ ဝါထက်ကြီးသောသူကို ဆွမ်း ဆန် ကပ်မယ်။ ဦးလေး ဦးကြီး အရီးတော်တာတွေ။ မိထွေး တော်တာ တွေ။ ကပ်မယ်။ အိမ်မှာလည်း စားမယ်။ ကျောင်းကို လည်း လှူမယ်။ ဥပုသ်နေ့။ အဲလို ဆယ့်သုံးရက်နေ့ အခုတ် သွားတော့ကာ ငှက်ပျောခိုင်က တစ်ခိုင်မှ မရှိပြီ ။ သူများ ဦးသွားပြီးပြီ။

အင်း တနေ့က ဟိုလူဟာ စောင်းစောင်း ကြည့်တယ်။ သူများ ညားသလား ။ မထင်ဘူးလားဟေ့။ ဟိုလူ ထင်လိုက် ဒီလူ ထင်လိုက်။ အဲသည်လိုထင်တာ ကုသိုလ်လား၊ အကုသိုလ်လား။ အကုသိုလ် ။ အဲဒါနဲ့ ဗေဒင်သွားမေး။ ဘယ်နေ့က ပျောက်တာလဲ။ အင်း တနင်္လာနေ့က။ တနင်္လာ ကြာခံသူ ဝနေ... တော၌ ရှိတယ်။ မင်းဟာ တောထဲမှာ ဖွက်ထားတယ်ကွဲ့။ ရှုပ်ထွေးတဲ့ နေရာ။ ဘယ်ဆီမှာ ဟုတ်ပြီ။ ငါထင်တာနဲ့ကိုက်ပြီ။ လူတစ်ယောက်ကို သွားကြည့်စမ်းကွဲ့။ ရ။ မင်းတစ်ခိုင် ပေးမယ်။ မပြောရဘူးလား။ ကဲ အဲဒီလိုထင်တာ ကုသိုလ်လား၊ အကုသိုလ်လား။ အကုသိုလ် ကွဲ့။
ထင်တာ။ မြင်တာ မဟုတ်ဘူး။ ကိုင်း ငှက်ပျောခိုင်ပျောက်တာက ရှုံးသွားပြီ။ အကုသိုလ်က နောက်ထပ် ပြန် လိုက်ပြန်တော့တာ။ နာလိုက်တာကွာ။ မသိတော့ကား ကြားလား။ ငှက်ပျောခိုင် ရှုံးတာ ထားလိုက်ဦးတော့ နောက်က အကုသိုလ်က ဖွဲမီး လောင်သလို တငွေ့ငွေ့ နေတော့တာ။ ဟိုလူ ထင်လိုက် ဒီလူထင်လိုက် မထင်ဘူးလား။ အင်း ဘယ်လောက်များ အသုတဝါ ပုထုဇ္ဇနော အကြား အမြင် မရှိတော့ အကုသိုလ်သာ။ ပစ္စည်း ရှုံးတော့ အကုသိုလ် တိုးတော့တာ ဟေ့။ ကဲ သုတ အကြားအမြင် များတဲ့ပုဂ္ဂိုလ်ကျတော့ သုတဝါ အရိယာသာဝကော သုတ အကြားအမြင်ရှိရင် အရိယာ ဖြစ်တယ်လို့ မဟောဘူးလား။

အဲသည်လူက အခုတ်သွားတော့တာ။ သူက။ ငှက်ပျောခိုင်က မရှိပြီ။ ငါက ဆယ့်လေးရက်နေ့မှာ ဆွမ်းဆန်ကပ်မယ်။ လပြည့်နေ့ ကျောင်းကိုလှူမယ်မှန်းတာ။ ငါ့အလှူက အခု အောင်မြင်သွားပြီတဲ့။ ကဲ သူမှန်းတာထက် ရှေ့ကျနေပြီ။ ငါ့အလှူက အောင်မြင်ပြီတဲ့ ကြားလား။ အဲဒီ ငှက်ပျောခိုင် ခုတ်တဲ့သူ ခိုးတဲ့သူဟာ ယောက်ျားဆို ကိုယ့်အဖေ ဖြစ်ခဲ့ဖူးမယ်။ မိန်းမဆို ကိုယ့်အမေ ဖြစ်ခဲ့ဖူးမယ်။ ကျွေးတုံ့ ကျွေးလှည့် မွေးတုံ့မွေးလှည့် တဲ့ ကြားလား။ ကဲ အဲဒါ စားသုံးတဲ့ပုဂ္ဂိုလ်တွေ သီလနဲ့ ပြည့်စုံပါစေ။ သမာဓိနဲ့ ပြည့်စုံပါစေ။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဖြစ်ပါစေ။ မေတ္တာ မပို့ရဘူး လား။ လွတ်ပစ်ဖို့လား၊ စားဖို့လား။ စားဖို့ကွဲ။ သည်ထဲက လှူချင် လှူဦးမှာပေါ့။ စားဖို့လေ။ ကဲ သိရင် သုတ အကြား အမြင်ရှိတဲ့ ပုဂ္ဂိုလ်မှာ ကုသိုလ်တွေ မတိုးဘူးလား။

ငါက ဆယ့်လေးရက်နေ့မှ လှူမှာ တဲ့။ ဆယ့်ငါးရက်နေ့ လှူမယ်။ ခု ဆယ်သုံးရက်နေ့ ငါ့အလှူက မြောက် နေပြီးပြီ တဲ့။ ငါမှန်းတာ ထက် ရှေ့က ကျသေးတယ်တဲ့။ သိတဲ့ပုဂ္ဂိုလ်ကတော့ ကုသိုလ် တွေ မဖြစ်ဘူး လား။ မသိတဲ့ ပုဂ္ဂိုလ်က ဟိုလူ ထင်လိုက် ဒီလူ ထင်လိုက်ပေါ့။ ငှက်ပျောခိုင် ပျောက်တဲ့အထဲမှာ အကုသိုလ်က နောက်ထပ် ပါသွားသေးတာ။ ကြောက်စရာ မကောင်းလား။ အသုတဝါ ပုထုဇနော အကြားအမြင်မရှိ။ သုတဝါ အရိယာသာဝကော သုတ အကြားအမြင်ရှိရင် အရိယာ ဖြစ်တယ်လို့ မဟောဘူးလား။ ကဲ အဲဒီလို စိစစ်။ ကုသိုလ်တွေ ပါကားဟေ့။ ဆေးစက်ကျ ရာ အရုပ်ထင်တယ်လို့ မဟောဘူးလား။ အဲဒါ သုတရှိတော့ကား စိတ်နေစိတ်ထား ထားတတ်တာ ပေါ့။ စဉ်းစားဖို့မကောင်းလား။

<u>သံဃသဿ ဒေမ</u>

အဲဒါကြောင့် လှူတဲ့တန်းတဲ့အခါ သံဃေ ဒိန္နံ မဟပ္ဖလံ။သံဃသဿ ဒေမ။ အဲဒါ ပြတ်ပြတ်သားသား လှူဖို့လိုတယ်။ စဉ်းစားဖို့မကောင်းလား။ မြတ်စွာဘုရားရှိစဉ်က မိထွေးတော် ဂေါတမီက သင်္ကန်း ရက်ပြီးတော့ သားဘုရားကို လှူဖို့ လုပ်တာပေါ့။ သားဘုရားကို။ မိထွေးတော် ဂေါတမီတဲ့။ ငါ့ဘုရား လှူတော့ ငါ့ဘုရားတစ်ပါးတည်း ရတယ်တဲ့။ သံဃာတွေ မရဘူးတဲ့ ။ သံဃာတွေ ရည်မှန်း လှူမယ်ဆိုရင် သံဃသဿ ဒေမ..ဆိုရင် သံဃာတွေလည်းရတယ်။ ငါ့ဘုရားလည်း ရတယ်တဲ့။ သမုဒ္ဒရာရေ ကို ဆယ်ဝင်ပုံးနဲ့ ချိန်ကြည့်။ ဘယ်နပုံး ရှိမလဲ လို့ မေးတာနော်။ မရေတွက်နိုင်ဘူးတဲ့။ အေး သံဃသဿ ဒေမ သံဃာကို ရည်မှန်းတာ အင်မတန် အကျိုးများတယ်လို့မပြောဘူးလား။ အဲဒါ အဓိပ္ပာယ် စဉ်းစား။

ကဲ ဘုန်းကြီးကို…။ ဘုန်းကြီး ကြည်ညိုပြီ ။ဟို ဒကာ၊ဒကာမတွေက။ သင်္ကန်းက အကောင်းစား ကြီး ဝယ်ခဲ့တာ။ ဝယ်ခဲ့တော့ကာ ဘုန်းကြီး လှူတာ။သူတို့ သဘောကျပြုံးလို့ ကပ်တော့တယ်။ သူတို့က မသွားသေးဘူး။ ဟိုရဟန်းတပါး ဘုန်းကြီးက တခါ လှူလိုက်တော့တာ။ သဘောမကျ ။မျက်နှာက သဘောမကျ ။ပျက်သွားပြီ။ သဘောကျပဲ့မလား။ မကျဘူးကွဲ့။ ဒီက သူ အကျိုး များအောင်လို့ လှူလိုက်တော့ တဆင့်လှူတော့ ကုသိုလ်တွေ တိုးမလာဘူးလား။ ဒါ သုတမရှိတော့ ကုသိုလ် တိုးတာ မသိဘူး ပေ့ါ။ ဟော ကုသိုလ်တွေ ပွားလာခဲ့တော့တာဗျ။ အဲလို ဝမ်းမြောက်ရမှာကွဲ့ ကြား လား။ ကဲ သူသိတဲ့ …ပါးစပ်ကတော့ သံဃသဃ ပြောတယ်။ ဉာဏ်က မရောက်။ ဉာဏ် က မရောက် ။ စဉ်းစားဖို့မကောင်းလား။

<u>အန္တဘာရ မြက်ရိတ်သမားဥပမာပြ</u>

မကြားစဖူး ကြားဖူးထပ်မံ ညောင်စေ့လောက် လှူပြား ညောင်ပင်ကြီးလောက် ရတယ်။ ညောင်ပင်ကြီးလောက် လှူပြား ညောင်စေ့လောက် ရတယ် ဆိုတာ ကြားဖူးတယ်နော်။ အဓိပ္ပာယ် မသိတာက ခက်တယ်။ အဓိပ္ပာယ်မသိ ကြားလား။ ရှေးက အန္တဘာရ မြက်ရိတ်သမား သူဌေးကြီးရဲ့ အိမ်နောက်ဖေး တန်းလျားမှာနေ။ မြက်ရိတ်ပြီးတော့ ရောင်းစားရတာ။ ရာသီဥတုက ဆောင်းရာသီ။ ချမ်းတဲ့အခါ စောစောစီးစီး ထမင်းတွေချက်။ ငါးပိလေးကို စလောင်းဖုံးမှာ ကပ် ကင်ထားခဲ့တာ။ အပြန်မှာ လွယ်လွယ်စားမယ်။

မြက်ရိတ်သွားတဲ့အခါ အဲဒီမြက်ရိတ်က နေပြီးတော့မှ ပြုလာခဲ့တဲ့အခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ် နဲ့သွားတွေ့ တယ်။ တွေ့တဲ့အခါ အရှင်ဘုရား ရပ်ပါဦးဘုရား။ ရပ်ပါဦး။ရပ်ပါဦး။ အဲဒါ တပည့်တော် ကို သနားသောအားဖြင့် တမြို့လုံး မှာ ကြည့်ချင်သလိုကြည့် တပည့်တော်လောက် ဆင်းရဲတဲ့ ပုဂ္ဂိုလ် တစ်ယောက်မှ မရှိဘူး။ သည်နေ့တော့ တပည့်တော် ချီးမြောက်တော်မူပါ။ တပည့်တော် ဆွမ်း လှူပါရစေ ။ အဲဒီတော့ သူ့နောက်ကို လိုက်သွားတော့တာ။ လိုက်လို့ ဝင်းပေါက်ကို ရောက်တဲ့ အခါ အသာလေး နေတယ်။ ဘေးက အပြင်ဘက်က ရပ်နေတယ်။ အဲဒါနဲ့ မြက်စည်းကို ချ။ ချပြီးကာမှ ပုဆိုး အဝတ်အစားတွေလဲ။ မျက်နှာ သစ်။ ပလုတ်ပလဲ ကျင်း။ ခူးပြီးတော့ လှူလိုက် လောင်းလိုက်တယ် ။ အရှင်ဘုရား ဆွမ်း လှူရတဲ့ ကုသိုလ်ကံ စေတနာ တို့ကြောင့် သည်နေ့ကစ မရှိ မလှ မဝ ဆိုတာ မကြားပါရစေနဲ့။ အသင် တောင်းတဲ့ ဆု နဲ့ ပြည့်စေ။

အဲဒီ သူဌေး အိမ်မှာ စောင့်တဲ့ ထီးချက်စောင့်နတ်သမီးက သာဓု သုံးခါခေါ်တယ်။ အသံကလည်း ကောင်း ဆာဆာလာလာ။ ဟဲ့ အခု သာဓုခေါ်တာ ဘယ်သူလဲ။ ငါ ထီးချက်စောင့် နတ်သမီး။

ဘယ်သူ့ အလှူ သာဓုခေါ်တာလဲ။ အနွဘာရမြတ်ရိတ်သမား ဆွမ်းအလှူကို ငါ သာဓုခေါ်တာ။ ငါ လှူခဲ့တာ ရှင်ပြုတာ အပါး တစ်ထောင်မကဘူး။ တခါမှ မခေါ်ပါလား။ ရဟန်းခံတာ အပါး တစ်ထောင် မကဘူး။ တခါမှ မခေါ်ဘူး။ ကထိန်လည်းခင်းခဲ့တယ်။ ဘုရားလည်း တည်ခဲ့တယ်။ ကျောင်း လည်း ဆောက်ခဲ့တယ်။ ရေတွင်း ရေကန်တူး လှူခဲ့တယ်။ တစ်ခါမှ မခေါ်။

သူဌေးကြီး အလှူ မခေါ်နိုင်ဘူးတဲ့။ အကြီး အကျယ်လှူတာ သူဌေးကြီးက။ ဆန်ရောင်းတဲ့ အခါမှာ တစ်တင်းမှာ နို့ဆီ နစ်လုံးလျော့ ပါတယ်။တဲ့။ နို့ဆီ နစ်လုံးလျော့ ပါတယ် မပြည့်ဘူးတဲ့။ တင်း။ တစ်ပိဿာမှာ သုံးကျပ်သားလျော့တွေ ပါတယ်တဲ့ ကြားလား။ အဲတော့ အလေးစဉ်းလဲ တောင်း စဉ်းလဲ။ မိုးခေါင် ရေရှားတဲ့အခါ မရောင်းဘူး ဈေးစောင့်နေတာ။ မရောင်းဘူး ပိတ်ထားတယ်တဲ့။ ကြားလား။ ဈေးလေး တော်တော် အားရခါမှ ဖောက်ရောင်းတာတဲ့။ သူဌေးကြီးရဲ့အလှူ ငါ သာဓု မခေါ်နိုင်ဘူး တဲ့ဗျား။ သူဌေးကြီးက ညောင်ပင်ကြီး လောက်ကွဲ့နော် ကြားလား။ ဟိုက ညောင်စေ့လောက် လှူတာ ကြည့်။

အဲဒီအခါကျမှ သူဌေးကြီးက ဟေ့ အနွဘာရ မင်းအလှူ ငါကို ရောင်း။ ငါ အသပြာ တစ်ထောင် ပေးမယ်။ မရောင်းနိုင်ဘူး။ ကျပ် မွဲတယ်တဲ့ ကြားလား။ မရောင်းနိုင်ဘူး။ ဘုန်းကြီးသာ ဆို ရောင်းလိုက်တော့မှာ ကွဲ့။ မွဲပါတယ်လို့ ဆိုပါတယ်ကိုး။ ရောင်းလိုက်တော့မှာ။ မရောင်းနိုင်ဘူးတဲ့။ သို့မဟုတ်ရင်လည်း အမျှပေးစမ်း။ သူဌေးကြီးကို အမျှပေးလိုက်ရင် ငါ့ဟာတွေ လျော့ကုန်မလား မသိ တဲ့။ သူဌေးကြီး ပေးလိုက်ရင် ငါ့ဟာတွေ လျော့သွားရင် ဘယ်နယ့်လုပ်မလဲ။ အဲဒါနဲ့ နေဦး ငါလှူတဲ့ အရှင်သခင် သွားမေးမယ်။

တောရ စောင့်တည်တဲ့ အဲဒီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို သွားပြီးတော့ တပည့်တော်အလှူကို သူဌေး ကြီးက အသပြာ တစ်ထောင် ဝယ်တယ်။ တပည့်တော် မရောင်းနိုင်ဘူးတဲ့။ မွဲလို့။ မရောင်းနိုင်ဘူး။ မရောင်းနိုင်လည်း အမျှပေးပါ လို့တောင်း တယ်။ အမျှပေးရင် ဘယ်လိုလဲ ဘုရား။ လျော့မှာလား။ မလျော့ဘူးလား။ မလျော့ဘူး ပေးသာ ပေးလိုက်တဲ့။

သူလှူတဲ့ ပစ္စကဗုဒ္ဓါ က။ မလျော့ဘူး ဆိုတာ တပည့်တော် နားမလည်ဘူးတဲ့။ မလျော့တာ။ မလျော့တာလေးတော့ သိချင်သေးတာ တဲ့။ ရှင်းပေးစမ်းပါ တဲ့။ ကဲ တောင်းတတ်တာ။ ဘုန်းကြီး သာဆို ပေးသာ ပေးလိုက်ဆို ပေးတော့မှာ။ အဓိပ္ပာယ်မသိဘဲနဲ့ ။ ပေးတော့မှာ အဓိပ္ပါယ် မသိဘူး။ ကြားလား။ မလျော့တာလေးကို သိချင်သေးတယ်တဲ့။

အနန္တာရ အကာလညအခါ မီးထွန်းတဲ့။ မြောက်ကအိမ်ကလာမီးညှိထွန်းမယ်တဲ့။ မြောက်က အိမ်ကို ယူသွားတော့ သူ့မီးလျှော့ရဲ့လား။ တောင်ကအိမ်က လာညှိထွန်းမယ်။ တောင်ကအိမ် မီး မလင်းဘူးလား။ သူ့မီးလျှော့ရဲ့လား။ အရှေ့အိမ်က လာညှိထွန်းတော့ အရှေ့အိမ်မှာ မီး မလင်း လား။ အနောက်အိမ်က လာညှိ တော့ အနောက်အိမ်မှာ မီးမလင်းဘူးလား။ တရွာလုံး ညှိထွန်း တော့ တရွာလုံး မီးမလင်းလား။ အသင့်မီး လျော့သလားလို့မမေးလား။ မလျော့ဘူးတဲ့။ ကျေနပ်ပြီ တဲ့။ ပေးမယ်တဲ့။ အဲဒီလို အဓိပ္ပာယ်သိဖို့ လိုတာ။ အဓိပ္ပါယ်သိပြီးပေးရတော့ ကုသိုလ်မတိုးလား။ စိတ်ထဲမှာ ရှင်းကနဲ လင်းကနဲ သွားတာနော်။ အဲသည်အခါမှ ပေးတယ်ကြားလား။ အဲလိုစိစစ်ဖို့ မကောင်းလား။ လုပ်တယ် ဆိုတာ သုတ လိုသေးတယ်။ ကဲ ဘယ်လောက်များ အားရစရာ ကောင်း သလဲ။

အဲသည် ပုဂ္ဂိုလ် သေသွားတဲ့ အခါ ဟော တမလွန်မှာ။ အနုရုဒ္ဓါ မင်းသား သွားဖြစ်တယ် ကြားလား။ အရွယ် ရောက်တော့ ကျောင်းနေတဲ့ အခါ တစ်ဆယ်၊ ဆယ့်နှစ်နှစ် အရွယ်မှာ။ ဒိုး ထိုးကစား။ ပေသီးပေါက် ကစား။ ဂျင်ကစား၊ ဆာလောင်မွတ်သိပ်တဲ့ အခါ မိခင်က သားတောင်းတဲ့အခါ အဆင်သင့် စားစရာ၊ သားရေစာ အဆင်သင့်လုပ်ထားတယ်။ အမြဲတမ်း ပေးတာ။ တနေ့သ၌ ကျတော့ စားစရာ အတောင်းခိုင်းတော့ အာဂန္တု ညှော်သည် ရပ်ဝေး ညှော်သည်ရောက်လို့ သား အတွက် မလုပ်နိုင်ပြီ။ ညှော်ခံရတာနဲ့။ အဲတော့ အတောင်းလွှတ်တောကော့ မရှိဘူးငါ့သားရယ်။ ဒီနေ့ သားရေစာ မလုပ်ဘူး။ ဒီနေ့မရှိဘူး။ မရှိဘူးတဲ့။ အဲဒီ မရှိ တဲ့မုန့် သွားတောင်းချေ။ ခိုင်းပြန် တော့တာ ။ မရှိတဲ့ မုန့်ပေးလိုက်ပါတဲ့။

ဩော် ငါ့သား ငါ့သား။ မရှိဆိုတာ သူ မသိပါ လား။ မရှိတဲ့ အကြောင်းကို သိစေရမယ်လို့ ။ အုပ်ခွံ့ပဲ ထည့်ပေးလိုက်တာ။ ဘာမှ စားစရာမပါဘူး။ လမ်းကိုရောက်။ လမ်းတဝက်ကျတော့ကာ လူမင်း ဘုန်းကြီး နတ်မင်း မနေပိုင်။ ဟော နတ်တွေက နတ်သြဇာ ထည့်ပေးတော့တာ။ ဖွင့်ပြီးတော့ စားကြည့်လိုက်တာ။ ကောင်းတာ မရှိမုန့် စောစောက ပေးပါတော့ဗျာ။ မရှိမုန့်က သာလို့ ကောင်း တယ်တဲ့။ ကဲ သူ့စေတနာအတိုင်း ကံမြောက်သွားတာ ဘယ်လောက်များ အားရစရာ ကောင်းသလဲ နော်။ အဲလို စိစစ်ဖို့မကောင်းလား။ ဒါမို့ ကမ္မံ ဝိပါကဿ ယုံကြည်ဖို့လိုတယ်။ အဲဒါကြောင့် အကြောင်း အကျိုး။ အကြောင်း အကျိုး။ မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုး၊ ပဋ္ဌာန်း အကြောင်း အကျိုး မဟောဘူးလားဟေ့။ အဲဒီလို စိစစ်ဖို့ မကောင်းဘူးလား။ မပြေတာ ကလည်း အကြောင်း အကျိုး။ ပြေတာကလည်း အကြောင်း အကျိုး။ အလိုလိုဖြစ်တာလား။ အကြောင်း

ကြောင့် အကျိုး တရား ပေါ်တာလား။ အဲလို သိတော့ကာ ကြွေးဟောင်းတွေ မကျေဘူးလား။ ကြွေးသစ် ကား တင်သေးသလား။ အဲဒါ သိမှ ပယ်နိုင်တာနော်။

<u>အာရုံမှန်တော့ သဒ္ဓါမှန်တယ်။</u>

ကဲ လိုရင်းအချက်က ဉာဏ်ကို အားကိုးရမှာ။ ဉာဏ် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ပညာမဂ္ဂင် နှစ်ပါး။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ပေါင်းလိုက်တော့ ရှုဉာဏ်မဂ္ဂင်ငါးပါးပေ့ါ။ အမြင်ခံ အရှုခံက ခန္ဓာ ငါးပါး။ ရှုဉာဏ်က မဂ္ဂင်ငါးပါး။ အာရုံ အာရမ္မဏိက ပိုင်းခြားက ခန္ဓာငါးပါးက အာရုံ တရား။ မဂ္ဂင်ငါးပါး အာရမ္မဏိက။ အာရုံ အာရမ္မဏိက မဟောဘူးလား။ အာရုံမှန်တော့ သဒ္ဓါမှန် တယ်။ ဥပါသကာ တို့ တရား နာတယ်။ လေ့လာတယ်။ လေ့လာတော့ကား အာရုံမှန်တော့ သဒ္ဓါမှန် တယ်။ သဒ္ဓါ ဆိုတာ ယုံကြည်တာ။ ယုံကြည်တော့ ကား သူတွေ့နေတာ မြင်ရာ၊ ကြားရာမှာ ခန္ဓာပဲတွေ့တယ်နော်။ အဲဒီခန္ဓာ အကျိုးအပြစ်ကိုမသိခင်က လူစွဲဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ၊ ဗြဟ္မာစွဲဒိဋ္ဌိ ဒိဋ္ဌိ မရှိဘူးလား။ အဲ ဒိဋ္ဌိရှိတယ်။ တရားကို ကြားဖူးနားဝတဲ့ အခါကျတော့ ဒိဋ္ဌိမပြုတ်ဘူးလားဟေ့ ။ ခန္ဓာဆိုတာ ယုံကြည်ပြီ ကြားလား။ အာရုံမှန်တော့ သဒ္ဓါမှန်။ အာရုံ က ခန္ဓာငါးပါး။ လူလား၊ ခန္ဓာ ငါးပါး။ နတ်လား၊ ခန္ဓာငါးပါး။ ဗြဟ္မာလား၊ ခန္ဓာငါးပါး။ အဲဒီလို စိစစ်ဖို့မလိုဘူးလား။

အဲသည်ခန္ဓာ လက်တွေ့ မျက်တွေ့အားဖြင့် ကဲ လူလို့မထင်ဘူးလား။ ရှိတယ်လို့မယူလား။ ဘုရား ပေးတဲ့ ဉာဏ် လက်နဲ့ ကိုင် စမ်းကြည့် ။ လူတွေ့သလား။ မာတာတွေ့သလား။ လူတွေ့ သလား။ ပျော့တာ တွေ့သလား။ ဆံဖျားက ခြေဖျား အရောက် ကိုင်စမ်းကြည့်။ မာတာနဲ့ပျော့တာ တွေ့ တယ် နော်။ မာတယ်ပျော့တယ်လို့သိတာ သူငါလား၊ ကာယဝိညာဏ်လား။ တစ်ဝိညာဏ်တည်း ထိလို့သိလို့ဖြစ်ကဲ့လား။ မဖြစ် သူနဲ့သဟဇာတ ဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာမပါလား။ မာတယ် ပျော့တယ်လို့ ခံစားတာ လူလား ဝေဒနာလား။ နတ်လား ဝေဒနာလား။ သညာလား။ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား၊ စေတနာလား။ ဝေဒနာ၊ သညာ၊ စေတနာ သုံးခု ပေါင်းတော့ နာမက္ခန္ဓာလေးပါး မပြည့်လား။ ဤလေးပါး ပြည့်စုံမှ ထိသိစိတ် ဖြစ်တာ။ လူနတ်ဗြဟ္မာလား၊ နာမက္ခန္ဓာ လေးပါးလား။ ဘယ်လောက်များ ထင်ရှားသလဲနော်။ ကာယ အကြည်ကား လူနတ်ဗြဟ္မာ ဟုတ်ကဲ့လား။ မာမှု ပျော့မှု ကား ပုဂ္ဂိုလ်သတ္တဝါ ဟုတ်ကဲ့လား။ ခန္ဓာဖွဲ့ ကြည့်တော့ ရူပက္ခန္ဓာ မရလား။ နာမက္ခန္ဓာလေးပါးနဲ့ ရူပက္ခန္ဓာပေါင်း ။

လူလား၊ ခန္ဓာငါးပါး။ နတ်လား၊ ခန္ဓာငါးပါး။ ဗြဟ္မာလား၊ ခန္ဓာငါးပါး။ ကဲ ထင်တာက လူ၊ တွေ့တာက ခန္ဓာ ငါးပါး။ ထင်တာက နတ်၊ တွေ့တာက ခန္ဓာငါးပါး။ ထင်တာက ဗြဟ္မာ၊ တွေ့တာက ခန္ဓာငါးပါး။

စိစစ်ဖို့မကောင်းလား။ ခန္ဓာငါးပါးက ပရမတ်။ လူက ပညတ်။ ခန္ဓာငါးပါးက ပရမတ်။ နတ်က ပညတ်။ ခန္ဓာငါးပါးက ပရမတ်။ ပြဟ္မာက ပညတ်။ ခန္ဓာငါးပါးက ပရမတ်။ ပုဂ္ဂိုလ်သတ္တဝါက ပညတ်။ ပညတ်ဆိုတာ သမုတ်တာ ခေါ်တာ။ ရှိတာမဟုတ်ဘူး။ စဉ်းစားဖို့မကောင်းလား။ ကဲ လက်တွေ့ စမ်းကြည့်တော့ ကဲ မာတာနဲ့ပျော့တာပဲ။ လူတွေ့သေးရဲ့လား။ ကဲ သုံးဆယ့်တစ်ဘုံ ရှာကြည့် တွေ့ပါမလား။ အဲလို စိစစ်ဖို့ မကောင်းလား။

အဲဒီ ခန္ဓာငါးပါး သမ္မုတိသစ္စာအနေနဲ့ လူအစားစား၊ နတ်အစားစား၊ ပြဟ္မာအစားစား၊ တိရစ္ဆာန်အစားစား၊ ပြိတ္တာအသူရကာယ် အစားစား၊ ငရဲအစားစားလို့မသမုတ်ကြဘူးလား။ မခေါ်ကြဘူးလား။ အဲဒါ သမုတ်ရှိ၊ အခေါ်ရှိ။ ဒီလိုမှ မခေါ်မပြောရင် တရား ဟောလို့ကား ဖြစ်ပါ့မလား။ တစ်ယောက်နဲ့ တစ်ယောက်ခိုင်းလို့ပြောလို့ကား ဖြစ်ပါ့မလား။ အဲလို စိစစ်ဖို့ မကောင်းလား။ အဲဒါ သမုတ်ရှိ၊ အခေါ်ရှိ။ မသမုတ်လည်းရှိ၊ သမုတ်လည်းရှိက ခန္ဓာငါးပါး။ အဲဒီလို လေ့လာဖို့ မကောင်း လား။

ကဲ ဘယ်ပုံဘယ်နည်း ရှိတာလဲ ပြန်စမ်းစစ်ဖို့မကောင်းလား။ ရူပက္ခန္ဓာဆိုတဲ့ ရုပ်တရားကြီးက ရုပ္ပတီတိ ရုပံ။တဲ့ ဖောက်ပြန်ပြီး တော့ မပျက်လား။ ဖောက်ပြန်ပြီးတော့ ပျက်တယ်ဆိုတာ ရုပ်တရားက အနှစ်သာရ ရှိ မရှိ။ အနှစ်သာရ မရှိတော့ ဖောက်ပြန်လို့ ပျက်တာပေါ့။ အဲလို စိစစ်ဖို့ မကောင်းလား။ စဉ်းစားဖို့ မကောင်းလား။ ကဲ ဖောက်ပြန်လို့ ပျက်တယ်ဆိုတော့ကား အဲဒီ ဖောက်ပြန်တာကို လည်း သိဖို့မလိုဘူးလား။ သိတာက နာမ်တရား မရလား။ ဖောက်ပြန်တာက ရုပ်တရား မရလား။ မပြော မဖြစ်လို့ ရုပ်လို့ နာမ်လို့ပြောရတာ။ စဉ်းစားဖို့ မကောင်းလား။ စင်စစ်က တော့ ဖောက်ပြန်တဲ့ သဘောနဲ့ သိတဲ့ သဘောက လွဲလို့ ဘာမှမရှိဘူးကွဲ့။ အဲဒါ ဖြစ်ပျက်လို့ မဟောဘူးလား။ ဘာသစ္စာလဲ။

ကဲ တဖြုတ်ဖြုတ် တသုတ်သုတ် ဖြစ်ပျက်ပြီးတော့ မြစ်ရေများ စီးသလို မတန့်စားဘဲနဲ့ ဖြစ်ပျက် ဖြစ်ပျက်လို့ မဟောဘူးလား။ ဒါမို့ မိုကုတ်ဆရာတော်ဘုရားကြီး ရှေ့က ဖြစ်ပျက်၊ နောက်က မဂ် ရှေ့က ဖြစ်ပျက်၊ နောက်က မဂ်။ ဖြစ်ပျက်နဲ့ မဂ်နဲ့ ဆက်ဆက်နေတော့ ကဲ ကိလေသာဝင်ခွင့် ရသေးရဲ့လား။ ဝင်ခွင့်ကို မရတော့ ဘူးနော်။ အဲသလို လေ့လာဖို့ကောင်းလား။ ကိလေသာ ဆိုတာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ပေါ့။ တရားနာတယ်၊ တရားအားထုတ်တာ တရားလေ့လာတယ်ဆိုတာ ကိလေသာ ချုပ်ဖို့ အဓိက။ ခန္ဓာသိဖို့ အဓိ က။ ကိလေသာချုပ်ဖို့အဓိက။ အဲလို စိစစ်ဖို့ မကောင်း လား။

ကဲ ခန္ဓာတွေ့တဲ့အခါ လူစွဲ ဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ၊ ဗြဟ္မာစွဲဒိဋ္ဌိ မပြုတ်ဘူးလား။ ငါးပါးစလုံး။ ရူပက္ခန္ဓာ အနိစ္စ။ ဝေဒနာက္ခန္ဓာ အနိစ္စ။ သညာက္ခန္ဓာ အနိစ္စ။ သင်္ခါရက္ခန္ဓာ အနိစ္စ။ ဝိညာဏက္ခန္ဓာ အနိစ္စ။ ရူပက္ခန္ဓာကို သိတဲ့အခါ ပုဂ္ဂိုလ်သတ္တဝါ တွေ့သေးရဲ့လား။ စဉ်းစား။ ဝေဒနာက္ခန္ဓာကား ပုဂ္ဂိုလ်သတ္တဝါ ဟုတ်ကဲ့လား။ သညာက္ခန္ဓာကား လူနတ်ဗြဟ္မာ ဟုတ်ကဲ့လား။ သင်္ခါရက္ခန္ဓာကား ဟုတ်ကဲ့လား။ ဝိညာဏက္ခန္ဓာကား ပုဂ္ဂိုလ်သတ္တဝါ ဟုတ်ကဲ့လား။ ဒီလိုဆိုတော့ ခန္ဓာကိုသိတဲ့အခါ ဒိဋ္ဌိ မပြုတ်လား။ ဒိဋ္ဌိပြုတ်ပြီနော်။ လူစွဲဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ၊ ဗြဟ္မာစွဲဒိဋ္ဌိ ပြုတ်ပြီ ကြားလား။

ဒိဋ္ဌိ ပြုတ်ရင် ဆက်ပြီးတော့ ရူပက္ခန္ဓာက ဖောက်ပြန်ပြီးတော့ မပျက်လား။ နိစ္စလား၊ အနိစ္စ လား။ ဝေဒနာ ခံစားပြီးတော့ မပျက်လား။ နိစ္စလား၊ အနိစ္စ လား။ သညာက္ခန္ဓာ မှတ်ပြီးတော့ မပျက်လား။ နိစ္စလား၊ အနိစ္စ လား။ သင်္ခါရက္ခန္ဓာ စေ့ဆော်ပြုပြင်ပြီးတော့ မပျက်လား။ နိစ္စလား၊ အနိစ္စ လား။ ဝိညာဏက္ခန္ဓာ သိပြီးတော့ မပျက်လား။ နိစ္စလား၊ အနိစ္စ လား။

ကဲ ရူပက္ခန္ဓာတွေ့တာလား။ မရှိတာ တွေ့တာလား။ ဝေဒနာက္ခန္ဓာ တွေ့တာလား။ မရှိတာ တွေ့တာလား။ သညာက္ခန္ဓာ တွေ့တာလား။ မရှိတာ တွေ့တာလား။ သင်္ခါရက္ခန္ဓာ တွေ့တာလား။ မရှိတာ တွေ့တာ လား။ ဝိညာဏက္ခန္ဓာ တွေ့တာလား။ မရှိတာ တွေ့တာလား။ မရှိတာ အနိစ္စ သိတာ မဂ္ဂလို့ မပြောဘူးလား။ ဒါမို့ သဗ္ဗေ သင်္ခါရာ အနိစ္စာ လို့ မပြောဘူးလား။ ပေါ်ချင်တဲ့ တရား ပေါ် ဘယ်မှာ လမ်းဆုံးသလဲ။ ပျော အနိစ္စ။

ကဲ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တလက္ခဏာ ဒုက္ခသစ္စာ။ ချမ်းသာတဲ့ တရားလား။ ဆင်းရဲ တဲ့တရားလား။ သိပယ်လို့ မပြောလား။ ဆင်းရဲတယ်လို့ အမှန်သိတဲ့ အခါ ကိုယ်ထင်ခဲ့တဲ့ လူချမ်းသာကား တွေ့ရဲ့လား။ နတ်ချမ်းသာကား တွေ့ရဲ့လား။ ဗြဟ္မာချမ်းသာကား တွေ့ရဲ့လား။ တွေ့တာက လူချမ်းသာလား။ ဒုက္ခသစ္စာလား။ နတ် ချမ်းသာ လား။ ဒုက္ခသစ္စာလား။ ဗြဟ္မာချမ်းသာလား။ ဒုက္ခသစ္စာလား။ ဒါကြောင့် အာရုံမှန်တော့ သဒ္ဒါမှန် တယ် မပြောလား။

အာရုံက အနိစ္စလို့ မပြလား။ သိတဲ့ဉာဏ်က အနိစ္စလို့မသိလား။ အာရုံက ဒုက္ခလို့ မပြလား။ သိတဲ့ ဉာဏ်က ဒုက္ခလို့မသိလား။ အာရုံက အနတ္တလို့မပြလား။ သိတဲ့ဉာဏ်က အနတ္တလို့မသိဘူးလား။ အဲလို စိစစ်ဖို့ မကောင်းလား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့မပြောလား။ ဘာသစ္စာလဲ။ လူချမ်းသာလား။ ဒုက္ခသစ္စာလား။နတ်ချမ်းသာလား။ ဒုက္ခသစ္စာလား။ ဗြဟ္မာချမ်းသာ လား။ ဒုက္ခသစ္စာလား။ အာရုံမှန်တော့ သဒ္ဒါမှန်တယ်နော်။

ကဲ ဒုက္ခသစ္စာဆိုတာ ယုံကြည်ပြီ။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ရှိတယ်လို့ပြော သူလက်ခံပါတော့မလား။ တွေ့နေတာ က လူချမ်းသာလား။ ဒုက္ခသစ္စာလား။ နတ်ချမ်းသာ တွေ့တာလား။ ဒုက္ခသစ္စာလား။ ဗြဟ္မာချမ်းသာ တွေ့တာလား။ ဒုက္ခသစ္စာလား။အာရုံမှန်တော့ သဒ္ဓါမှန်တယ် ယုံကြည်ပြီနော်။ဒါတော့ သိပယ်လို့မဟောဘူးလား။ ကဲ အဲလိုဆိုတော့ နောက်တဖန် ဒီခန္ဓာမျိုးရချင်သေးရဲ့လား။ လက်ရှိခန္ဓာ မတွယ်တာဘူးပေါ့။ လက်ရှိခန္ဓာ မတွယ်တာ။ နောက်ခန္ဓာ တောင့်တပါဦးမလား။ အဲတော့ နိရောဓလို့မဟောဘူးလား။

ကဲ တဏှာလာ သေးရဲ့လား။ ဥပါဒါန် လာသေးရဲ့လား။ အဲဒါ ဝေဒနာကျော်တာဗျား။ တဏှာ မလာတာ ဝေဒနာကျော်တာ။ ကဲ တဏှာသေ ဥပါဒါန်မပြတ်ဘူးလား။ စိစစ်ဖို့ မကောင်းလား။ ကဲ ခန္ဓာ သိတုန်းက ဒိဋ္ဌိမပြတ်လား။ ဒိဋ္ဌိပြတ်… ဝိစိကိစ္ဆာ မချုပ်လား။ ဒုက္ခသစ္စာ ပိုင်းခြားသိတော့ တဏှာ မသေလား။ တဏှာသေ… ဥပါဒါန် ပြတ်တယ်။ အာသဝအနေနဲ့ ကာမာသဝနဲ့ ဘဝါသဝ မချုပ်လား။ ဒုက္ခသစ္စာ ပိုင်းခြားသိတော့ ကာမာသဝနဲ့ ဘဝါသဝ ချုပ်တယ်။ ခန္ဓာကိုသိတော့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ်တယ်။ အာသဝေါတရား လေးပါး မကုန်လား။ ကုန်ရင် သမုဒယသစ္စာ မသေလား။ နောက်ခန္ဓာ ဇာတ်မသိမ်းလား။ နိရောဓသစ္စာ။

ကဲ ထိဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား။)သိတာက …။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက …(သမုဒယ သစ္စာပါ ဘုရား။) နောက်ခန္ဓာမလာတာ …(နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက် ရှိပါတယ် ဘုရား) တစ်ကွက်လျှင် ဘယ်နှစ်ပါး (ငါးပါးပါ ဘုရား) ငါး လေးလီ (နှစ်ဆယ်) ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု-သာဓု-သာဓု။